ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan(VDP)

## ကြံခင်းမြို့နယ်

**၂၀၁၈ ခုနှစ်** **ရွှေပန်းတောအုပ်စု၊ ဝဲကြီးအောက်စုကျေးရွာ**

**မာတိကာ**

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ရောဝတီတိုင်းဒေသကြီး
ဟသာ်တခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှဉ်းချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ရေလယ်ကျွန်း
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ




ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ

**၃။ ရွှေပန်းတောအုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

၁။မုန့်ထုတ်ကျေးရွာ

၂။မင်းတဲကြီးကျေးရွာ

၃။ထန်းကုန်းကျေးရွာ

၄။ရွာသစ်ကုန်းကျေးရွာ

၅။ဂဲကြီးကျေးရွာ

**၆။ဂဲကြီးအောက်စုကျေးရွာ**

၇။မရမ်းချိုကျေးရွာ

၈။ရွှေပန်းတောကျေးရွာ

၉။ကံကုန်း

ရွှေပန်းတောကျေးအုပ်စုတွင်ကျေးရွာပေါင်း(၉)ရွာဖြင့် ပါဂင်ဖွဲ့စည်းထားပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ရွှေပန်းတောအုပ်စုတွင် ဝဲကြီးအောက်စု ကျေးရွာတည်ရှိပါသည်။ ဝဲကြီးအောက်စု ကျေးရွာကို ကြံခင်း-သဲဖြူလမ်းမှ မင်းတဲ-ဝဲကြီးသွားရာလမ်းကို ဖြတ်၍ သွားရသော ရွာလေးတရွာဖြစ်ပါသည်။ ရွာ၏အနောက်ဘက်တွင် ဖားတရုဉ်းချောင်း ရှိပါသည်။

ဝဲကြီးအောက်စုကျေးရွာသည် ဝါးတောများ ရှိ၍ ဝါးလုပ်ငန်းသည် မိုးရာသီ၏ အဓိက ထွက်ကုန်လုပ်ငန်းဖြစ်သည်။ ဝဲကြီးအောက်စု ကျေးရွာ၏ လယ်စိုက်ခင်းများမှာ ရာသီအလိုက် စပါး၊တောင်ယာပဲခင်း၊ မတ်ပဲခင်းများ စိုက်ပျိုးလုပ်ကိုင် ကြပါသည်။

ဝဲကြီးအောက်စုကျေးရွာတွင် ကျေးရွာလူထုမှ ဖွဲ့စည်းထားသော ဂေါပက အဖွဲ့၊လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့ ၊ World Visionအဖွဲ့များ လည်းရှိကြပါသည်။ ကျေးရွာ၏ အခြေအနေ အချိန်အခါ လိုအပ်ချက် ပေါ် မူတည်ပြီး အဖွဲ့အစည်း တခုနှင့်တခု ချိတ်ဆက်ကာ ပူးပေါင်းဆောင်ရွက် ကြပါသည်။

ဝဲကြီးအောက်စု ကျေးရွာရှိ ပညာရေး သင်ယူမှုတွင် မူလတန်း ပညာရေးကို ကျေးရွာ မူလတန်း ကျောင်းတွင် လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းပညာရေးကို ကြံခင်းမြို့ အထက်တန်း ကျောင်း တွင် လည်းကောင်း သွားရောက် ပညာသင်ကြားကြသည်။

ကျန်းမာရေး အနေဖြင့် ကျေးရွာဆေးပေးခန်း မရှိဘဲ နီးစပ်ရာကျေးရွာ မြို့နယ် များသို့ သွားရောက် ဆေးကုသမှု ခံယူရပါသည်။ဝဲကြီးအောက်စု ကျေးရွာသူ၊ကျေးရွာသားများသည် ဗုဒ္ဓ ဘာသာ ဗမာလူမျိုး များသာ ဖြစ်ကြပြီး ဥပုသ်သီတင်း ဆောက်တည်ရာတွင် ဝဲကြီးဘုန်းကြီးကျောင်း တွင် သွားရောက် ကုသိုလ် အမှုပြုကြပါသည်။

ဝဲကြီးအောက်စု ကျေးရွာသည် နှစ်ပေါင်းတရာကျော်ရှိပြီး ရွာလမ်းမရှည် တခုသာ ရှိသော ရွာတစ်ရွာ ဖြစ်သည်။ကျေးရွာလေးသည် နှစ်စဉ်ချောင်းရေလျှံခြင်းကို ခံစားရပါသည်။ ထို့ကြောင့် မိုးရာသီတွင် လမ်းပန်းခက်ခဲခြင်းကို နှစ်စဉ်ရင်ဆိုင် ရပြီး သောက်သုံးရေ မသန့်ရှင်းမှု ဒဏ်ကိုလည်း ခံစားရပါသည်။ ဝဲကြီးကျေးရွာနှင့် ဝဲကြီးအောက်စုကျေးရွာ နှစ်ရွာချင်းဆက်လမ်း ရှိ တောင်ကုန်းလေး ပေါ်တွင် ဘုန်းကြီးကျောင်းနှင့် သစ်သားတာဝတိံသာ ဘုံအဆင့် လဲရှိပါသည်။ ရွာလေးမှာ အိမ်ခြေ (၃၈) ရှိပါသည်။

ဝဲကြီးအောက်စု ကျေးရွာတွင် နေထိုင်သော ကျေးရွာသူ ၊ကျေးရွာသားများသည် လယ်ပိုင်ရှင် ဦးရေမှာ ခုဂဏန်းမျှသာ ရှိပြီး ကျပန်းအလုပ်နှင့် အသက်မွေး ဝမ်းကျောင်း ပြုနေသော လက်လုပ်လက်စား ဦးရေမှာ အလွန်ပင်များပြား နေပါသည်။ သို့သော် ကျေးရွာသူ၊ ကျေးရွာသား များသည် ရိုးသားခြင်း၊ ကူညီ ရိုင်းပင်းတတ်ခြင်း အလှူအတန်း ရက်ရောခြင်း၊ ပူးပေါင်းပါဝင်တတ်သော အလေ့အထများ စသည်တို့ဖြင့် ပြည့်စုံပြီး အေးချမ်းသာယာသော ရွာလေးတရွာ ဖြစ်ပါသည်။


## ၅. လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၆-၉-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၆ | ၆ | ၁၂ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၉ | ၄ | ၁၃ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၆-၉-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်နွမ်းပါးအုပ်စုများ | ၆ | ၁၇ | ၂၃ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၆-၉-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၆ | ၁၇ | ၂၃ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၈ - ၉ - ၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၆ | ၁၇ | ၂၃ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်ရေးရရှိ<br>နိုင်မှုပေါ် သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များအပေါ်<br>အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၂၈ - ၉ - ၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၆ | ၁၇ | ၂၃ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၂၈ - ၉ - ၂၀၁၇ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၆ | ၁၇ | ၂၃ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ။ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၂၈ - ၉ - ၂၀၁၇ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၆ | ၁၇ | ၂၃ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု။ |
| ၉။ | ကျေးရွာ<br>ဦးစားပေး<br>လုပ်ငန်း | ၂၈ - ၉ - ၂၀၁၇ | ကော်မတီဝင်များ<br>ရပ်ရွာလူထုများ၊တက်ရောက်သူအားလုံး | ၆ | ၁၇ | ၂၃ | -အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



လူမှုအရင်းအမြစ်ပြမြေပုံ

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ဝဲကြီးအောက်စုကျေးရွာ၏ ကျေးရွာတည်ရှိပုံ ၊ လမ်းအနေအထား ၊ သဘာဝအရင်း အမြစ်များ ၊ အခြေခံအဆောက် အဦးများနှင့် ဝန်ဆောင်မှုများကို ကျေးရွာလူထု ကိုယ်တိုင် သိရှိစေရန် နှင့် ထို အရင်းအမြစ်များကို အသုံးချတတ်စေရန် ဖြစ်ပါသည်။

**အခြေခံအဆောက်အဦး**

ဝဲကြီးအောက်စုကျေးရွာသည် နှစ်စဉ် ချောင်းရေလျှံခြင်းကြောင့် မြေသားလမ်းများ ပျက်စီးပြီး ပြုပြင်ရန် လိုအပ်ကြောင်း သိရှိရပါသည်။ ချောင်းရေလျှံခြင်းကြောင့် ရေမသန့်ရှင်းမှု ရှိသည်ကိုလဲ တွေ့ရသည်။ လူမှုအရင်း အမြစ်ပြ မြေပုံ အရကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး ၊ လူမှုရေးဆိုင်ရာ အခြေခံ အဆောက်အဦး များကို မတွေ့ရ၍ ကျေးရွာ၏ လိုအပ်သော အခြေခံ အဆောက်အဦးများကို ရွာလူထုမှသိမြင် သုံးသပ်နိုင်ခဲ့ပါသည်။

**စီးပွားရေးနှင့် အရင်းအမြစ်**

ရွာတွင် ဝါးတောများရှိ၍ ဝါးလုပ်ငန်း လုပ်ကိုင် ကြသည်။ ရွာတွင် ရှိသော လယ်ကွက်များသည် ရာသီမရွေး သီးနှံများ စိုက်ပျိုးနိုင်ပြီး စပါး၊ တောင်ယာ၊ ပဲခင်း၊ မတ်ပဲခင်းများ စိုက်ပျိုးလျက် ရှိကြောင်းသိရ ပါသည်။

ဝဲကြီးအောက်စု ကျေးရွာ၏ နောင်၅နှစ်တာ မျှော်မှန်းချက်၊ လိုအပ်သော လုပ်ငန်းများ ရွေးချယ်ဖော်ထုတ်ရာတွင် အသေးစိတ်နေရာ အနေအထား ၊လျာထားမှု ၊ရွာရှိအရင်းအမြစ် များ လုံလောက်စွာ အသုံးချနိုင်မှု စသည့်အချက် အလက်များကို သိမြင်ဖော်ထုတ်နိုင်ခဲ့ပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

လယ်ယာလုပ်ငန်းနှင့် ဝါးခြံလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး အခြားဝင်ငွေရ အိမ်မွေးတိရစ္ဆာန်နှင့် တောင်ယာပဲခင်း၊ ဝါးတောလယ်တောများကို အမှီပြု၍ ရှာဖွစားသောက်ကြပါသည်။

လယ်ယာနှင့်ဝါးခြံကို အမှီပြုပြီး လက်လုပ်လက်စားများ ရှိကြပါသည်။ လက်လုပ်လက်စားများသည် နေ့စဉ်ဝင်ငွေ (၂၀၀၀) မှ(၅၀၀၀)အထိ ရရှိပြီး လယ်ယာစိုက်ပျိုးချိန် နှင့် ရိတ်သိမ်းချိန်များတွင် ဝင်ငွေ ပိုမိုရရှိသော်လည်း ကုန်စျေးနှုန်းမြင့်မားမှုကြောင့် ဝင်ငွေနှင့် ထွက်ငွေ မမျှတသေးပါ။


ရာသီပွဲတော်များလည်း ကျင်းပကြပါသည်။သောက်သုံးရေမှာ ရှားပါးပါသည်။ရေကြီးချိန်တွင် ပိုမို ရှားပါးပါသည်။လမ်းပန်းဆက်သွယ်ရေးမှာ ရေကြီးချိန်များတွင် မကောင်းပါ။ရွာချင်းဆက်လမ်းများမှာ မိုးရာသီတွင် သွားလာရ ခက်ခဲပါသည်။

တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်လ များတွင် လုပ်ငန်းများ အားလပ်ပြီး ကျပန်းလုပ်ငန်းကို လုပ်ကိုင် ကြပါသည်။

သဘာဝဘေးဒဏ်များကို မိုးကာလတွင် နှစ်စဉ်ကြုံတွေ့ရပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်



အုပ်စု-ရွှေပန်းတော
ကျေးရွာ-ဝဲကြီးအောက်စု

ဥစ္စာဓနကြွယ်ဝမှုဇယား

ရက်စွဲ- ၂၈.၉.၂၀၁၇

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | သွပ်မိုး၊ ထိုက်ခံအိမ်၊ ကိုင်း၊ မော်တော်ကား၊ ဝါးဖြံ၊ လယ် (၁၀) ဧက၊ ရေရှပ်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုလာမီး၊ တီဗွီ၊ စက်ပိုင်းနက်၊ လက်ဝတ်ရတနာ၊ ဘွဲ့ရသည်အထိ ကျောင်းထားနိုင်။ ဆေးကုံ၊ ဆေးခန်းများသွားရောက်ပြသနိုင်။ နွား၊ လှည်း၊ | ၄ | ၁၂.၉ % |
| အသင့်အတင့်အဆင်ပြေသောအုပ်စု | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ လယ် (၅)ဧက၊ ကိုင်း၊ ဝါးဖြံ၊ ရေရှပ်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ နွား၊ လှည်း၊ ဆိုလာမီး၊ တီဗွီ၊ စက်ပိုင်းနက်၊ လက်ဝတ်ရတနာ အသုံးဆောင်၊ ဘွဲ့ရသည်အထိ ကျောင်းထားနိုင်၊ ဆေးကုံ၊ ဆေးခန်းများ ကုသနိုင်။ | ၂၄ | ၇၇.၄ % |
| မပြေလည်သောအုပ်စု | သက်ကယ်မိုး၊ ထရံကာ၊ ကြမ်းခင်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ကျပန်းအလုပ်၊ ကလေးများအား အလယ်တန်းအဆင့်ထိ ကျောင်းထားနိုင်။ ဆေးကုံ၊ ဆေးခန်းအား သွားရောက်ကုသနိုင် (ချေးငှား၊ ကူညီပံ့ပိုးမှုဖြင့်) | ၃ | ၉.၇ % |
| နွမ်းပါးသောအုပ်စု | - | - | - |
| ပါဝင်ဆွေးနွေးသူ- | အမျိုးသား-၆<br>အမျိုးသမီး-၁၇<br>စုစုပေါင်း | ၃၁ | ၁၀၀ % |

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဥစ္စာခနေကြွယ်ဝမှုဇယား (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ကျေးရွာတွင် ဥစ္စာခနေအဆင့်များကို ကျေးရွာ၏သဘောတူညီချက်ဖြင့် အဆင့်(၄)ဆင့် သတ်မှတ်ခဲ့ပါသည်။

အဆင့်(က) ချမ်းသာအဆင့်တွင် အိမ်ထောင်စု(၄)စုရှိပြီး ကျေးရွာ၏ သာရေးနာရေးတို့ကို ဦးဆောင်နေပါသည်။


အဆင့်(ခ)တွင် အိမ်ထောင်စု(၂၄)စု ရှိပါသည်။ကျေးရွာ၏ အသင့်အတင့် အဆင့်တွင်ရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်နိုင်သလောက် ကူညီပေးသူများ ဖြစ်ကြပါသည်။

အဆင့်(ဂ)တွင် အိမ်ထောင်စု (၃)စုရှိပြီး ကျေးရွာ၏ စီးပွါးရေးမှာ မပြေလည်သော အဆင့်တွင် တည်ရှိပါသည်။ နေ့စားလုပ်ကိုင်သူများ ရှိသလို ကိုယ်ပိုင် တစ်နိုင်တစ်ပိုင် စီးပွါးရေးလုပ်ကိုင်သူများ လည်း ရှိပါသည်။

ကျေးရွာ၏ နွမ်းပါးအဆင့်(ဃ)တွင် အိမ်ထောင်စုမရှိပါ။ ကျေးရွာ၏ အဓိကလုပ်ငန်းများကို ရွေးချယ်ရာတွင် ကျေးရွာ၏နွမ်းပါးအဆင့်ကို ဦးစားပေး စဉ်းစားရေးဆွဲခဲ့ပါသည်။ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကျေးရွာ၏ နွမ်းပါးသူများဝင်ရောက် လုပ်ကိုင်ခြင်း ဖြင့် လုပ်အားခ ရရှိပြီး ဝင်ငွေများ ရရှိလာမည်ဖြစ်သည်။ ဝင်ငွေများရရှိလာပြီး နည်းပညာပိုင်းမှာပါ အထွေထွေ ဗဟုသုတများပါ အကျိုးခံစားခွင့်များပါ ရရှိလာ မည်ဟု သုံးသပ်မိပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

ဝဲကြီးအောက်စုကျေးရွာ၏ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့်ပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ပုံများကို ကျေးရွာလူထုမှ သိသာပေါ်လွင် စေရန် နှင့် လိုအပ်ပါက အဖွဲ့အစည်း များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက် နိုင်ရန် အတွက် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။

ကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးအဖွဲ့သည် အဓိက ကျသောအဖွဲ့ဖြစ်ပြီး မီးသတ်အဖွဲ့ ၊ ကျောင်းကော်မတီအဖွဲ့အစည်း တို့နှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိကြသည်။ကျေးရွာ၏ သာရေးနာရေး ကိစ္စများတွင် ဦးစီးဆောင်ရွက်သော လူငယ်အဖွဲ့ရှိပြီး ဘာသာရေး ကိစ္စများကို ဆောင်ရွက်ရန် အတွက် ဂေါပက အဖွဲ့လည်း ရှိသည်ကို တွေ့ရသည်။

ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လူထုဗဟိုပြုစီမံကိန်းမှ ဖွဲ့စည်းပေးထားသော ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင် အဖွဲ့အစည်း ရှိပြီး ကျေးရွာ၏ အုပ်ချုပ်ရေး အဖွဲ့နှင့် လိုအပ်ပါက ညှိနှိုင်းချိတ်ဆက်ဆောင် ရွက်ကြသည်။

မြို့နယ်အဖွဲ့အစည်း များဖြစ်သော မြို့နယ်အုပ်ချုပ် ရေးဦးစီးဌာန၊ မီးသတ် ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်လူထု ဗဟိုပြု စီမံကိန်းရုံးတို့နှင့် လဲ ချိတ်ဆက်မှု ရှိနေသည်ကို တွေ့ရသည်။

ဝဲကြီးအောက်စုကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်မှုပြ မြေပုံ ရေးဆွဲရာတွင် အမျိုးသား ၆ဦး ၊ အမျိုးသမီး ၁၇ဦး ၊ စုစုပေါင်း ၂၃ဦးတို့တက်ကြွစွာ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ကြသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်</u>





အရင်းအမြစ်များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

ဝဲကြီးအောက်စုကျေးရွာ၏ သဘာဝနှင့် လူမှုအရင်းအမြစ်များ လက်လှမ်းမီမှု အသုံးပြုမှုတို့တွင် အမျိုးသား၊ အမျိုးသမီး တို့ အသုံးပြုနေမှုများကို မေးမြန်းဖော်ထုတ်ပြီး ကွာခြားမှုများကို သိသာပေါ်လွင်စေရန် အတွက် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်သည်။


အမျိုးသားများသည် နွားလှည်း၊ ဖောကား ၊ နွားစသောလူမှုအရင်းအမြစ် များကို သုံးကြပြီး ခမောက်၊ ကြက်၊ အပ်ချုပ်စက်ကို အမျိုးသမီးများက အသုံးပြုကြသည်။လယ်၊ ရေတွင်း ၊ဆိုင်ကယ် ၊ ဝါးခြံ၊ ရေကန်၊ ရေစုပ်စက် ၊ ဆိုလာမီး၊ ကိုင်း၊ ချောင်း စသော အရင်းအမြစ်များကို အမျိုးသား၊အမျိုးသမီးတို့အားလုံး လက်လှမ်းမီ အသုံးပြုကြသည်။

အသုံးပြုရာတွင် တန်းတူညီမျှစွာ သုံးစွဲနေကြသော်လည်း ထိန်းချုပ်မှုနှင့် ဆုံးဖြတ်ချက် ချမှုတို့တွင် အမျိုးသားများကသာ ထိန်းချုပ်ထားသည်ကို သုံးသပ်တွေ့ရသည်။

ဝဲကြီးအောက်စု ကျေးရွာရှိ သဘာဝအရင်းအမြစ်နှင့် လူမှုအရင်းအမြစ်များကို အမျိုးသားများကသာ အများဆုံး ထိန်းချုပ်ကြပြီး ဆုံးဖြတ်ချက်ချနိုင်မှုတို့ ရှိနေသည်ကို တွေ့ရသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>




ပင့်ကူအိမ်ကွန်ယက်

## ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

ဝဲကြီးအောက်စုကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ် လူနေမှုဘဝ နေထိုင်မှုတွင် အမျိုးသမီးများ ပါဝင်မှု အခန်းကဏ္ဍ၊ အမျိုးသမီးများ ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့အစည်း အခြေအနေ တို့ကို သိသာပေါ်လွင်စေရန်အတွက် ရည်ရွယ်၍ ရေးဆွဲခြင်း ဖြစ်သည်။

ဦးဆောင်မှုတွင် အမျိုးသား ၈၀%၊ အမျိုးသမီး ၃၀% ရှိပြီး ၊ အုပ်ချုပ်ရေးတွင် အမျိုးသား ၊အမျိုးသမီးတို့ ကွာခြားမှု ရှိသည်။

အဖွဲ့အစည်း ပူးပေါင်းမှုတွင် အမျိုးသား ၅၀%၊ အမျိုး သမီး ၅၀%ရှိပြီး ပါဝင်ဆောင်ရွက်မှု တန်းတူညီမျှ ရှိသည်။

အိမ်တွင်းမှုတွင် အမျိုးသား၂၅%၊ အမျိုးသမီး ၇၀%ရှိပြီး အမျိုးသမီးများသည် အိမ်တွင်းမှုကိစ္စ များတွင် အချိန်ကုန်ဆုံးကြသည်။

ပညာရေး လက်လှမ်းမှီမှုတွင် အမျိုးသား၄၀%၊ အမျိုးသမီး ၅၀%ရှိပြီး အနဲငယ်သာ ကွာခြားသည်။

ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသား၈၀% ၊ အမျိုးသမီး ၃၀% ရှိပြီး အမျိုးသားများက ဝင်ငွေပိုရှာ ဖွေနိုင်ကြသည်။


အရင်းအမြစ် အသုံးချမှုတွင်လည်း အမျိုးသားများက အသုံးပြုမှု ပိုမိုရှိနေသည် ကို သုံးသပ်တွေ့ရသည်။

ယုံကြည်မှု ၊လုံခြုံမှုတွင် အမျိုးသားများက ပိုမိုယုံကြည်လုံခြုံမှုရှိပြီး အလုပ်အကိုင် အခွင့် အလမ်းတွင်လည်း အမျိုးသား များကသာ အခွင့်အလမ်း ပိုရသည်ကို တွေ့ရသည်။

ဝဲကြီးအောက်စု ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက် ရေးဆွဲရာတွင် အမျိုးသား၆ဦး၊ အမျိုးသမီး ၁၉ဦးတို့တက်ကြွစွာ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ကြသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲ ပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

**အမျိုးသားများမှ တင်ပြသော အခက်အခဲ ပြဿနာများ**


- သဘာဝဘေးအန္တရာယ် ကြုံသည့်အခါ တုံ့ပြန်နိုင်မှု ခက်ခဲခြင်း
- လျှပ်စစ်မီး မရှိခြင်းကြောင့် ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း
- လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း ကြောင့် ပညာရေး မပြည့်စုံခြင်း
- လူမှုရေး နှင့် ကျန်းမာရေး ခက်ခဲခြင်း
- မြေအောက်ကျောက်ဖြာ ရှိနေသဖြင့် ရေခက်ခဲခြင်းတို့ဖြစ်သည်။

**အမျိုးသမီးများ မှ တင်ပြသောအခက်အခဲပြဿနာများ**

- မြေအောက်ကျောက်ဖြာ ရှိနေသဖြင့် ရေခက်ခဲခြင်း
- မိုးတွင်း ချောင်းရေလျှံမှုကြောင့် နေထိုင်မှု ခက်ခဲခြင်း
- စည်းလုံးညီညွတ်မှု အားနဲခြင်း
- ဆက်သွယ်ရေးလမ်း မကောင်းခြင်း
- ဝင်ငွေ၊ထွက်ငွေ မမျှတခြင်း တို့ဖြစ်သည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(၉) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ကျေးရွာမျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးချက်နှင့် ဆန်းးစစ်ချက် )**

**အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ**


- မီးထိန်ထိန် လင်းခြင်သည်။
- လူ့ယဉ်ကျေးမှုနှင့် အတူသာယာသော လူဘောင်သစ် ရောက်ခြင်ပါသည်။
- တရားဥပဒေစိုးမိုး ၍ အေးချမ်းစွာ နေလိုသည်။
- ကွန်ကရစ် လမ်း ဖြစ်ခြင်သည်။
- ကမ်းပါးကျောက်စီနံရံ ဖြစ်ခြင်ပါသည်။


**အမျိုးသမီးများမှတင်ပြသော မျှော်မှန်းချက်များ**

- မီးထိန်ထိန် လင်းခြင်သည်။
- လမ်းကောင်းကောင်းဖြစ်စေခြင်တယ်။
- ပညာရေးနှင့် ပတ်သက်ပြီး ဖွံ့ဖြိုး တိုးတက်စေခြင်ပါတယ်။
- ကျန်းမာရေးနှင့် ပတ်သက်ပြီးဆေးပေးခန်းရှိရမည်။
- လျှပ်စစ်မီးလင်းစေချင်ပါတယ်။
- စာကြည့်တိုက်ရှိပြီး ဖွံ့ဖြိုးတိုးတက် စေခြင်ပါတယ်။။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်





## <u>ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)</u>

**အမျိုးသားများမှအဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

- မွေးမြူရေးလုပ်ငန်း
- ကျောက်ချောလမ်း(ရွာတွင်း)
- ချောင်းကျောက်လမ်း(ရွာတွင်း)
- စိုက်ပျိုးရေးလုပ်ငန်း(သီးနှံမျိုးစုံ)
- ရွာတွင်းစာကြည့်တိုက်
- ရွာတွင်းဆေးပေးခန်း
- လယ်ယာသုံး ထွန်စက်

**အမျိုးသမီးများမှအဆိုပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ**

- တရွာလုံးမီးလင်းရန်အတွက် လျှပ်စစ်မီးလင်းရေး
- ကျန်းမာရေးသင်တန်း
- ချောင်းကျောက်လမ်း(ရွာတွင်း)
- အပ်ချုပ်စက်သင်တန်း
- ရွာတွင်းကျောက်ချောလမ်း
- တနိုင်တပိုင်မွေးမြူရေးလုပ်ငန်း
- စိုက်ပျိုးရေးလုပ်ငန်း သီးနှံ မျိုးစုံ

## ၇. ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ





၈. ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်စာရင်း

အုပ်စု။ ။ရွှေပန်းတော ကျေးရွာ။ ။ ဝဲကြီးအောက်စု

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၅-၉ -၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးမြင့်နိုင် | ၀၉၂၆၁၀၇၂၃၀၂ | ၂၀၁၆ |
| ၂ | | ဥက္ကဌ | ဒေါ်သိမ့်သိမ့်ထွေး | ၀၉၂၆၄၃၂၀၂၇၈ | ၂၀၁၆ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်ကျော်လင်း | ၀၉၄၅၄၅၁၀၅၉၅ | ၂၀၁၆ |
| ၄ | | အဖွဲ့ဝင် | ဒေါ်ဥမ္မာလွင် | ၀၉၇၇၃၇၉၈၁၉၈ | ၂၀၁၆ |
| ၅ | | အဖွဲ့ဝင် | ဦးနေမျိုးထွဋ် | ၀၉၄၅၄၄၉၄၈၈၂ | ၂၀၁၈ |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဥမ္မာမြင့် | ၀၉၇၈၈၇၉၄၂၅၄ | ၂၀၁၆ |
| ၇ | | အဖွဲ့ဝင် | ဦးမြင့်စိုး | - | ၂၀၁၈ |
| ၈ | | အဖွဲ့ဝင် | - | - | ၂၀၁၆ |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်တင်ဆွေဦး | ၀၉၂၅၉၁၈၉၇၀၀ | ၂၀၁၆ |
| ၁၀ | | အဖွဲ့ဝင် | ဦးရဲမင်းထိုက် | ၀၉၄၅၂၁၄၆၄၃၇ | ၂၀၁၆ |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်ထွေးစိန် | ၀၉၇၉၂၉၃၃၅၃၀ | ၂၀၁၇ |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်အိအိမွန် | ၀၉၄၅၄၅၁၀၅၉၅ | ၂၀၁၈ |
| ၁၃ | အကြဲပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးကြည်သိန်း | ၀၉၂၆၄၇၁၁၈၁၅ | ၂၀၁၈ |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်မြင့်အေး | - | ၂၀၁၆ |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသန်းတိုးအောင် | ၀၉၇၈၀၆၅၄၅၅၀ | ၂၀၁၆ |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်အေးမိစံ | - | ၂၀၁၆ |

**<u>တာဝန်ကျဝန်ထမ်းများ</u>**

**လူထုစည်းရုံးရေးမှူး** - ဒေါ်အေးမြတ်မွန်

**လက်ထောက်နည်းပညာမှူး** - ဒေါ်မေသူဝင်းရွှေ

## ၉. ကျေးရွာအချက်အလက် (ပုံစံ- ၁)



### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးစိန်ဝင်း | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉-၄၅၄၄၉၃၀၅၄. | လူထုစည်းရုံးရေးမှူး၏ အမည် ဆိုင်းဇော်မှူး |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေဘိုကျောက် | ကျေးရွာ ဝဲကြီး ကောက်ကွ. |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၃၁ | ဘာသာ (၁) ဗုဒ္ဓ | ၃၁ |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅ | | ၄ |
| စစ်ဘေးရှောင် | – | | – |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၆ | ၆၇ |
| လူမျိုးစု (၁)-ဗမာ | ၅၆ | ၆၇ |
| လူမျိုးစု (၂)---------- | – | – |
| လူမျိုးစု (၃)---------- | – | – |
| အိမ်ထောင်ဦးစီး | ၂၈ | ၃ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | <u>မြေသားလမ်း</u> | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၄ဖာလုံ/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀မိနစ် ---------- ထော်လာဂျီ/☑မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် --------၁၀မိနစ်---------- ထော်လာဂျီ/☑မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ~~၂၀၀၆ [illegible]~~
၂၀၁၅ ရေကြီး/၂၀၁၆-ရေကြီး/ရေမြုပ်

(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------- –

(၂) ----------------------------------- –

ကျေးရွာခေါင်းဆောင်

အမည် [illegible]

လက်မှတ်

နေ့စွဲ ၂၈.၉.၂၀၁၇.


လူထုစည်းရုံးရေးမှူး

အမည် [illegible]

လက်မှတ်

နေ့စွဲ ၂၈.၉.၂၀၁၇

၁၀. စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ- ၂)



လူထုဖဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဖဲဖါဖား-ဖြတ်ရွှန် | | | |
| နေ့စွဲ ၂၈.၉.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပန်းတော | ကျေးရွာ ဗဲကြီးဇောက်ရှ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၈.၉.၁၇ | ၂၈.၉.၁၇ | ၁၀ | ၁၃ | ၂၃ | ဗမာ | ၂၃ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၈.၉.၁၇ | ၂၈.၉.၁၇ | ၁၀ | ၁၃ | ၂၃ | ဗမာ | ၂၃ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ၁၁. ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ- ၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဖေးမြတ်ဖွန်

နေ့စွဲ ၂၈-၆-၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄)

| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပဒိုးတော | ကျေးရွာ ဝဲကြီးကောက်ရု |
|---|---|---|---|

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သဘာဝဘေးအန္တရာယ်ပေါ်ကြောင့် သည့်ကဲ့ တွင်လျှပ်စစ်မီးရှိတဲ့ မြို့နှင့်ခက်ခဲခြင်း | ၁ | မိုးတွင်းရေလျှံခြင်းကြောင့် နေထိုင်မှုခက်ခဲခြင်း |
| ၂ | ကျန်းမာရေးစောင့်ရှောက်မှုကြား နဲ့ခြင်း | ၂ | ဆေးပေးဆေးခန်း မရှိခြင်း အခက်အခဲ |
| ၃ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၃ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိခြင်း |
| ၄ | လျှပ်စစ်မီး မရှိသောကြောင့် ဖွံ့ဖြိုးမှု နှေးကွေးခြင်း | ၄ | စည်းလုံးညီညွတ်မှု မရှိခြင်း |
| ၅ | ပညာရေး အခက်အခဲရှိခြင်း | ၅ | — |
| ၆ | သောက်သုံးရေ ခက်ခဲခြင်း | ၆ | မြေကောက်ကျောက်[illegible]ကြောင့် ရေပေးရှိခြင်း |
| ၇ | ချောင်းကမ်းပါး ပြိုကျမှုကြောင့် အခက်အခဲရှိခြင်း | ၇ | ချောင်းကမ်းပါး ပြိုကျမှုကြောင့် အခက်အခဲရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မီးထိန်ထိန်လင်းဖြစ်ချင်သည်။ | ၁ | လျှပ်စစ်မီး လင်းချင်တယ်။ |
| ၂ | ကွန်ကရစ်လမ်းဖြစ်စေချင်သည်။ | ၂ | လမ်းကောင်းကောင်း ဖြစ်စေချင်ပါတယ်။ |
| ၃ | လူငယ်များ ကျေးရွာဖွံ့ဖြိုးရေးတွင် တက်ကြွသော လူဘောင်အဖြစ် ရောက်ချင်ပါသည်။ | ၃ | စာကြည့်တိုက်ရှိပြီး ဖွံ့ဖြိုးတိုးတက်စေချင်တယ် |
| ၄ | တရားဥပဒေစိုးမိုးရေး ချမ်းသာရှိချင်သည်။ | ၄ | ကျန်းမာရေးဆေးပေးခန်း ရှိစေချင်တယ်။ |
| ၅ | တရားဥပဒေ ညီညွတ်စွာ ပြည်သူများ မပြည့်စုံ ဖြစ်ပါတယ်။ | ၅ | ပညာရေး ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ |
| ၆ | ကမ်းပါးကျောက်စီနံရံ ဖြစ်ချင်ပါတယ်။ | ၆ | ကမ်းပါးကျောက်စီနံရံ ဖြစ်ချင်ပါတယ်။ |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] | ကျား + မ | 〈၅၃〉 ဝဗိုဒ် | ၁၂၃ ဦး |
| ၂ | ရွာတွင်းကျောက်ချောလမ်း | ကျား + မ | 〈၁၀၀〉 ဝဗိုဒ် | ၁၂၃ ဦး |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အချိန်ကာလ |
|---|---|---|---|
| ၁ | မွေးမြူရေးလုပ်ငန်း | ကျား + မ | ၁ ခါ |
| ၂ | စိုက်ပျိုးရေးလုပ်ငန်း | ကျား + မ | စိုက်ပျိုးချိန် |
| ၃ | လယ်ယာသုံးထွန်စက် | ကျား | ၁ ခါ |
| ၄ | ကျန်းမာရေးသင်တန်း | မ | ကျန်းမာရေး |
| ၅ | အပ်ချုပ်သင်တန်း | မ | ၁ ခါ |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] ---------- လက်မှတ် ---------- နေ့စွဲ ၂၇.၄.၂၀၁၇

# ၁၂. ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ- ၄)

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်မေသူဇင်ရွှေ၊ ဒေါ်အေးမြတ်မွန် | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| နေ့စွဲ ၁. ၁၀. ၂၀၁၇ | | |
| ပြည်နယ်/တိုင်း<br>မကွေး | မြို့နယ်<br>ကြံခင်း | ကျေးရွာအုပ်စု<br>ရွှေပန်းတော |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ၁ မင်းတဲကြီးကျေးရွာ | အင်ဂျင်မီး၊ မီးခေါက်ရုံ၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)ခု 10 kilo ဒိုင်နမို (၈'×၅'×၆')၁ မီးကြိုး (၂၄၀၀') | ၁၃၀ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | (၅၁၅) သိန်း | | - | | (၅၁၁) သိန်း |
| ၂ ထန်းကုန်း | အင်ဂျင်မီး၊ မီးခေါက်ရုံ၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)ခု 10 kilo ဒိုင်နမို (၈'×၅'×၆') မီးကြိုး (၃၆၀၀') | ၃၄၆ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | [၅၀၂] သိန်း | | (၈.၈) သိန်း | | (၅၉၁) သိန်း |
| ၃ မုန့်တုတ် | အင်ဂျင်မီး၊ မီးခေါက်ရုံ၊ မီးတိုင်နှင့် မီးကြိုး | 25 Hp အင်ဂျင်(၁)ခု 10 kilo ဒိုင်နမို (၈'×၅'×၆') မီးကြိုး (၃၄၀၀') | ၁၃၅ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | [၅၇] သိန်း | | - | | (၅၇) သိန်း |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (၄) ရွာသစ်ကုန်း | အင်းကျင်း၊ မီးစက်ရုံ ဆီးတိုင် နှင့် မီးကြိုး | 25Hp အင်ဂျင်၊(၁၄) 10 kVa မီးစက်ခုံ၊ (၈'×၅'×၆') (၂၅၀၀') | ၁၀၃ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | [၅၃] အိမ် | | - | (၅၃) အိမ် |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးအိုက်ဝင်း ၊ ဇော်ဝင်းသင်းမြ။

လက်မှတ် ........ ရက်စွဲ ၁.၁၀.၂၀၁၇

၁၃. အစည်းအဝေးမှတ်တမ်းများ

**လူထုဗဟိုပြုစီမံကိန်း** ( တတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု -ရွှေပန်းတော**

**ကျေးရွာ-ဝဲကြီးအောက်စု**

**(ပထမအကြိမ်နှင့် ဒုတိယအကြိမ်) အစည်းအဝေး** **ရက်စွဲ ၂၅- ၉-၂၀၁၇**

အစည်းအဝေးကို နေ့လည်(၉း၀၀) နာရီတွင်စ တင်ကျင်းပခဲ့သည်။ အစီအစဉ်(၁)တွင် ကျေးရွာအုပ်စု၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဌေးဝင်းမှ အဖွင့်အမှာစကား ပြောကြားပြီး "လူထုဗဟိုပြု စီမံကိန်း၊ တတိယနှစ်စီမံကိန်း" အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ ကျေးရွာ အုပ်စု အနေ ဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြ သည့် အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သောလိုအပ်ချက် လုပ်ငန်းများကို စီမံကိန်း အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် မျှော်လင့်ပါကြောင်း" စသ ဖြင့်အမှာစကား ပြောကြားခဲ့ပါသည်။

(၉း၁၅) နာရီတွင် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများမှ ကျေးရွာလူထုနှင့် ဝန်ထမ်းများကြား ရင်းနှီးမှုရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်းမိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ၊ စီမံကိန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် တာဝန် ဝတ္တရား များ၊စီမံကိန်းတွင်လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ အကြံပြုတိုင်ကြားရေးစနစ် အကြောင်း စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

နေ့လည် (၁၀း၀၀) နာရီတွင် စီမံကိန်း တတိယနှစ်အတွက် ကော်မတီဝင်များ ရွေးချယ်မည် ဖြစ်၍ စေတနာဝန်ထမ်းများ၏ တာဝန် ဝတ္တရားများအကြောင်း၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန်တိကျ သောလျှို့ဝှက်စနစ်အကြောင်း ထပ်မံ ရှင်းပြခဲ့ပြီး စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြသည်။ (၁၀း၃၀) နာရီတွင် ကျေးရွာစီမံကိန်း နှင့် အထောက်အကူပြုကော်မတီဝင်များ၏ တာဝန်ဝတ္တရား များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။

၁၁နာရီတွင် ကျေးရွာလူထုအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ (လူမှု နှင့် သဘာဝအရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များအသုံးပြုမှု၊ ပိုင်ဆိုင်မှု/ထိန်းချုပ်မှု၊ ဥတုစာရင်း စံသတ်မှတ်ချက်၊ ပင့်ကူအိမ်သုံး သပ်ချက် (ကျား၊ မ)၊ ရာသီစွင်ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှု ပြမြေပုံ) တို့ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြရာ၊ ဆွေးနွေးသော အကြောင်းအရာများ၊ သုံးသပ် ချက်များသည် ဒုတိယနှစ်မှ ဆွေးနွေးဖော်ထုတ် ခဲ့ကြသောအကြောင်းအရာ၊ အချက်အလက်များ အတိုင်း ပြောင်းလဲမှု မရှိခဲ့ပါ။ ကျေးရွာတွင်း အခြေခံ အချက်အလက်များလည်း အတိုး/ အလျော့ မရှိခဲ့ကြောင်း တွေ့ခဲ့ရပါ သည်။

နေ့လည် (၁၁း၃၀) နာရီတွင် ကျေးရွာဖွံ့ဖြိုးရေးစာအုပ် အကြောင်းကို ရှင်းပြခဲ့ပြီး၊ လက်ထောက် နည်းပညာမှူးမှ သဘာဝအကာအကွယ်နှင့် လူမှုအကာအကွယ်များအကြောင်းကို ဆက်၍ရှင်းပြခဲ့ပါ သည်။ ထို့နောက် သဘ္ဘာရာအင်းလေးကွက်သစ်ကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲပြဿနာများ အကြောင်း ဆွေးနွေးဖော်ထုတ်ကြပြီး၊ အဓိကဖြစ်သော အချက်အလက်များကို ထပ်မံထည့်သွင်း ဖော်ပြ ခဲ့ကြပါသည်။ ကျေးရွာ မျှော်မှန်းချက်များတွင် ပြောင်းလဲမှုမရှိခဲ့ပါ။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို တောင်းဆိုဆန္ဒပြုကြရာ အဓိကဖြစ်သောဖွံ့ဖြိုးရေးလုပ်ငန်း (၃)ခု ထွက်လာခဲ့ပြီး၊ ဦးစားပေး အဆင့် ရွေးချယ်သတ်မှတ်ရာတွင်လည်း၊ ကျေးရွာ၏သတ်မှတ်ရွေးချယ်ချက် အရ၊ ဦးစားပေးလုပ်ငန်း (၃)ခု ရရှိခဲ့ပါသည်။

ညနေ (၁၂း၃၀) နာရီတွင် ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေး၊ (တတိယနှစ်စက်ဝန်း) အား အောင်မြင်ပြီးမြောက်ခဲ့ပြီး၊ ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေးအား ပိတ်သိမ်းခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

**ဒေါ်အေးမြတ်မွန်**

## ၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | ရွာတွင်းကျောက်ချောလမ်း | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၂ | မီးလင်းရေး | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |